၂။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးဟန်စိန် (ဘ) ဦးကျင်ရွှေ [နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ၁၂/ဥကမ (နိုင်) ၀၅၄၇၂၂] အား ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့် ပြုလိုက်သည်။

သာဋ္ဌေး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

**"ဝ" အမျိုးသားပါတီ (WA NATIONAL PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ (၂)၊ ရပ်ကွက် (၁)၊ သာယာလမ်း၊ အမှတ် (၄၀) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **"ဝ" အမျိုးသားပါတီ (WA NATIONAL PARTY)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**"ဝ" အမျိုးသားပါတီ (WA NATIONAL PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၅) ဖြစ်ပါသည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဥပဒေဘာသာပြန်ကော်မရှင်**

**အမိန့်အမှတ် (၁/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အတည်ပြုသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Trusts Act ၏ မြန်မာဘာသာပြန်ဆိုချက်ကို ယင်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

ဒေါက်တာ သီတာဦး
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

**ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ အခန်း (၅)၊ ပုဒ်မ (၉)၊ ပုဒ်မခွဲ (ဃ) အရ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဦးမြင့်သိန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး (ငြိမ်း)
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

( ခ ) ဦးစံရွှေမောင် — ဒုတိယဥက္ကဋ္ဌ (၁)
အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

( ဂ ) ဦးဝင်းမြင့် — ဒုတိယဥက္ကဋ္ဌ (၂)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( င ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရခိုင်ပြည်နယ်)
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ပြည်နယ်တာဝန်ခံ<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရခိုင်ပြည်နယ်)<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်)<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | One Stop Service တွင် ပါဝင်သော အောက်ပါဌာနမှ ကိုယ်စားလှယ်များ | |
| | (၁) အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| | (၂) ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| | (၃) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| | (၄) ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| | (၅) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| | (၆) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| | (၇) စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| | (၈) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| | (၉) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| | (၁၀) မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| | (၁၁) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| | (၁၂) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| | (၁၃) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| | (၁၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| | (၁၅) လိုအပ်ချက်အရထပ်မံဖြည့်စွက်သည့်ဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်တွင်း ပြည်ပမှ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာအကြံပေးများ | အဖွဲ့ဝင် (လိုအပ်သလို) |
| (ည) | ဒေါက်တာ ကျော်ဆန်းဦး<br>Former Associate Program Director<br>Myanmar Peace Center | အတွင်းရေးမှူး |
| (ဋ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဌ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်းဖြစ်ပါသည်။

စိုးဝင်း
ဒုတိယဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၃/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၂၃ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း အား ယနေ့မှစ၍ အငြိမ်းစားပေးလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၄/၂၀၂၃)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၉/၂၀၂၃ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမျိုးဆွေ အား ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၄၁၄/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော ရှမ်းပြည်နယ်၊ လွိုင်လင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ မြေကွက်အမှတ် (၈၀)၊ ဦးပိုင်အမှတ် (၃-ခ၊ ၅-ဇ) ရှိ **မြေဧရိယာ ၆.၀၄၅ ဧက** အနက်မှ ကွင်းအမှတ်နှင့် အမည် (၈၀)၊ ရပ်ကွက်နံပါတ် (၂)၊ ဦးပိုင်အမှတ် (၃-ခ) ရှိ **မြေဧရိယာ ၂.၀၅၈ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉) စစ်မြေပြင်ဆေးတပ်ရင်း၊ ဆေးရုံတပ်စု (လွိုင်လင်) က အသုံးပြုရန်မရှိသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၅၀)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉) စစ်မြေပြင်ဆေးတပ်ရင်း၊ ဆေးရုံတပ်စု (လွိုင်လင်) က ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂.၀၅၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၆.၀၄၅ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၃.၉၈၇ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉) စစ်မြေပြင်ဆေးတပ်ရင်း၊ ဆေးရုံတပ်စု (လွိုင်လင်) မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉) စစ်မြေပြင်ဆေးတပ်ရင်း၊ ဆေးရုံတပ်စု (လွိုင်လင်) မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၃.၉၈၇ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၄၁၅/၂၀၂၃)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ မေတ္တာမြို့၊ ဟိန္ဒားကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၁၃-OSS/ ကြေးတိုင်ပြင်ကွင်း) ရှိ **မြေဧရိယာ ၀.၇၅ ဧက** ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသုံးပြုရန်မရှိသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ထပ်ဆင့်လွှင့်စက်ရုံမြေနေရာအဖြစ် အသုံးပြုနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၄)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၇၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၄၁၆/၂၀၂၃)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၆၀/ ထုံးဘိုအကွက်)၊ ဦးပိုင်အမှတ် (၂-ခ၊ ၇၊ ၃-ခ၊ ၅၊ ၆၊ ၁၀၊ ၁၂) ရှိ **မြေဧရိယာ ၅.၄၁၂ ဧက** ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က အသုံးပြုရန်မရှိသဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့် ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၂၆ (၁၅/၁၀၀၈)/၇/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က အသုံးပြုရန်မရှိသဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ် အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅.၄၁၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ် လိုက်သည်။

**အမိန့်ကြော်ငြာစာ (၄၁၇/၂၀၂၃)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် [၂၄၁ (က)/ စုံခေါင်းကော်ပတ်တောကွင်း]၊ မြေကွက်အမှတ် (၂၂) ရှိ မြေဧရိယာ၂.၆၅ ဧက၊ မြေကွက်အမှတ် (၂၅) ရှိ မြေဧရိယာ ၃.၄၄ ဧကနှင့် မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်(၂၃၈/တဖက္ကာကွင်း)၊ မြေကွက်အမှတ် (၁၁၀) ရှိ မြေဧရိယာ ၁၃.၈၄ ဧက၊ ကွင်းအမှတ်/အမည် (၂၃၉/ကြံတောကွင်း)၊ မြေကွက် အမှတ် (၁၁၃) ရှိမြေဧရိယာ ၁၈.၃၂ ဧက **စုစုပေါင်းမြေဧရိယာ ၃၈.၂၅ ဧက** တို့အား **ကာကွယ်ရေးဝန်ကြီးဌာန၊ မြိတ်လေတပ်စခန်းဌာနချုပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၄ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၁၈/၂၀၂၃)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့၊ ချောင်းကြီးရပ်ကွက်၊ ကွင်းအမှတ်/အမည်– ၄၈၇ (ခ)/ ချောင်းကြီး (၂)၊ ဦးပိုင်အမှတ် (၄၁/က၊ ၄၃၊ ၄၄) ရှိ **မြေဧရိယာ ၀.၅၈၈ ဧက** အနက်မှ **မြေဧရိယာ ၀.၁၁၀ ဧက** အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသုံးပြုရန်မရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြေနေရာအဖြစ် အသုံးပြုနိုင်ရေး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၅)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၁၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၁၉/၂၀၂၃)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၄/ ဆန်းချီမြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁၀၄၆) ရှိ **မြေဧရိယာ ၁.၅၅၅ ဧက** အား **တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၂၀/၂၀၂၃)

မွန်ပြည်နယ်၊သထုံခရိုင်၊ပေါင်မြို့နယ်၊မုတ္တမကျေးရွာအုပ်စု၊အကွက်အမှတ်/အမည်(၁၄/ဇာကဒွန်းအကွက်)၊ ဦးပိုင်အမှတ် (၁၇/၁၁) ရှိ **မဟာဝိဇယဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၀.၈၅၆ ဧက** အနက်မှ **၀.၀၅၇ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ သိမ်ဒါယကာ ဦးတင်မောင်ဆန်း [၁၀/ပမန (နိုင်) ၀၅၅၂၂၄] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၂၅/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

### ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် မြို့အုပ်ချုပ်ရေးမှူးရုံး (၁) ရုံးနှင့် အငယ်တန်းစာရေး (ရပ်/ကျေး) ရာထူး (၁၀) နေရာ တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်တွင် ပြလို့မြို့အုပ်ချုပ်ရေးမှူးရုံး (၁) ရုံးအတွက် အမှုထမ်းရာထူး (၁၇) နေရာနှင့် ပြလို့မြို့တွင် ရပ်ကွက် (၃) ရပ်ကွက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စု၊ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စု၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်တွင် ရပ်ကွက် (၁) ရပ်ကွက်၊ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်တွင် ရပ်ကွက် (၄) ရပ်ကွက်တို့အတွက် အငယ်တန်းစာရေး (ရပ်/ကျေး) ရာထူး (၁၀) နေရာ စုစုပေါင်းအမှုထမ်းရာထူး (၂၇) နေရာ တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၄၃၁/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၈အခ (၄) ဖြင့် မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် [၁၀၉၈ (ခ)/၁၄၃၇၊ ကျောက်တန်းလေးကန်ကျောကွင်း] ရှိ အမှတ် (၂) ကာကွယ်ရေးပစ္စည်းစက်ရုံပိုင် **မြေဧရိယာ ၇၉၂၇.၄၁ ဧက** အတွင်းရှိ မြေကွက်အမှတ် (141)၊ **မြေဧရိယာ ၅.၈၂ ဧက** အနက်မှ **၁.၅၀ ဧက** အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၅၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂) ကာကွယ်ရေးပစ္စည်းစက်ရုံက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၅၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာနက မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သည့် **မြေဧရိယာ ၇၉၂၇.၄၁ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၇၉၂၅.၉၁ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂) ကာကွယ်ရေးပစ္စည်းစက်ရုံအတွက် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂) ကာကွယ်ရေးပစ္စည်းစက်ရုံမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၇၉၂၅.၉၁ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၂/၂၀၂၃)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၇/ ရွာသစ်)၊ ဦးပိုင်အမှတ် (၂၀၇/၄၅၃၊ ၂၅၇၊ ၂၅၉၊ ၂၆၀/၄၅၂) တို့ရှိ **မြေဧရိယာ ၀.၆၁၈ ဧက** ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ပိုလျှံအနေဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၃၈)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပိုလျှံအနေဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၆၁၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၃၃/၂၀၂၃)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ် (၁၃/ဃ-၁) ရှိ အစိုးရရက်ကန်းစက်အမည်ပေါက် **မြေဧရိယာ ၀.၁၉၃ ဧက** ကို စက်မှုဝန်ကြီးဌာနက အသုံးပြုရန်မရှိသဖြင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ပေါက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၃၂)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စက်မှုဝန်ကြီးဌာနက အသုံးပြုရန်မရှိသဖြင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ပေါက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၉၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၃၄/၂၀၂၃)

ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃-ဂျီ-၁)၊ မြေကွက်အမှတ် (၂-အေ) ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားလုပ်ငန်းပိုင် **မြေဧရိယာ ၀.၉၉၃ ဧက** အနက်မှ **၀.၃၀၃ ဧက** ကို အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း (အလုံမြို့) မြေနေရာအဖြစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၁၈)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၃၀၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၃၅/၂၀၂၃)

သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အခွန်အမှုတွဲအမှတ် (၂၁/၂၀၁၄) နှင့် (၂၈/၁၉၉၉) တို့အရ အခွန်လွှတ်ဂရန်ရရှိထားသည့် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့၊ ကင်းရုံးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၃/ကင်းရုံး (က) ရှိ ဦးပိုင်အမှတ်-၂၅ (က)၊ မြေဧရိယာ ၀.၀၉၇ ဧကအနက်မှ ၀.၀၄ ဧကနှင့် ဦးပိုင်အမှတ်-၁၀ (ခ)၊ မြေဧရိယာ ၁.၇၈၀ ဧကအနက်မှ ၀.၀၈၇ ဧက **စုစုပေါင်းမြေဧရိယာ ၀.၀၉၁ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၁)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** က ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၀၉၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၂/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃) ၏သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ပျံသန်းစစ်ဆေးရေး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးသက်အောင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၆/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ စာအမှတ် ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၃ အရ အောက်ဖော်ပြပါ အရာရှိ (၃) ဦးအား လုပ်ငန်းလိုအပ်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့အထိ တွဲဖက်တာဝန်ချထားလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့်၊ အမည်၊ တပ် | တွဲဖက်တာဝန်ချထားမည့်နေရာ |
|---|---|---|---|
| (က) | ကြည်း ၄၈၇၀၆ | ဗိုလ်ကြီး စိုးမင်းလတ်<br>တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး<br>(ခုတင်-၅၀၀) | အင်းစိန်ဆေးရုံ |
| (ခ) | ကြည်း ၅၃၉၈၅ | ဗိုလ်ကြီး ကျော်ဖြိုးဦး<br>အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) | အင်းစိန်ဆေးရုံ |
| (ဂ) | အင်န် ၁၂၃၆ | ဗိုလ်ကြီး ကျော်မောင်မောင်ဆွေ<br>အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) | အင်းစိန်ဆေးရုံ |

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

**အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) အတွက် ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက် အပိုဒ် (၁၁) ပါ ပြဋ္ဌာန်းချက်အရ အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်ကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ PPP Center ၏ အဓိကတာဝန်မှာ စီမံကိန်းဘဏ်အတွင်းသို့ ထည့်သွင်းထားသည့် စီမံကိန်းများအနက် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရန်နှင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ရန် ဖြစ်ပါသည်–

(က) အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို အထောက်အကူပြုရန်၊

(ခ) စီမံကိန်းဘဏ်ရှိ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့်ဆက်စပ်သည့် ကိစ္စရပ်များကို စီမံခန့်ခွဲရန်၊

(ဂ) အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများဖော်ထုတ်ခြင်း၊ စီမံကိန်းတင်ဒါခေါ်ရန် ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်၊

(ဃ) အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား စောင့်ကြပ်၍ လိုအပ်သည်များ တင်ပြရန်၊

(င) အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့် အကြံပြုချက်များပေးရန်။

၃။ PPP Center ၏ဦးဆောင်ကော်မတီသည် အထက်အပိုဒ် (၂) ပါ လုပ်ငန်းတာဝန်များအပြင် စီမံကိန်းဘဏ္ဍာဆိုင်ရာ ညွှန်ကြားချက်တွင်ဖော်ပြထားသည့် PPP Center နှင့်ဆက်စပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်သည်။

၄။ PPP Center ၏ ရုံးလုပ်ငန်းများကို PPP Center ၏ ဦးဆောင်ကော်မတီပါ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ညှိနှိုင်း၍ဆောင်ရွက်ရန်ဖြစ်သည်။ အဖွဲ့၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ပေါ်ပေါက်လာသော ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းနိုင်ရန်အတွက် အစည်းအဝေးများ ခေါ်ယူရန်ဖြစ်ပါသည်။

၅။ ဤဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

အမှတ် ၄၅၆/၂၀၂၃။ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယု အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများ အပြင် ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

သန်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၀၁၅/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံ အဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးမှူး ဦးထက်ဖြိုးအောင် အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် (သောကြာနေ့) မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန၊ လုပ်ငန်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်း ပြည်ပမှ ဝန်ဆောင်မှုများရယူခြင်း၊ ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း၊ ပစ္စည်းများထုခွဲရောင်းချခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီများ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများကို ဤဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၃ ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အဆိုပါကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောရဲဝင်းထွဋ် **အစား** ဦးစီးအရာရှိ ဒေါ်စန်းစန်းနွယ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မြလေးချို **အစား** ဒုတိယဦးစီးမှူး ဒေါ်စန္ဒာထွန်းဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

အမှတ် ၇၂။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၂၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ အမှုထမ်း (၂) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာနခွဲ |
|---|---|---|
| ၁။ | ဦးခုပ်ခန့်လျှန်း<br>အငယ်တန်းအင်ဂျင်နီယာ-၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စက်မှုဌာနခွဲ |
| ၂။ | ဦးသန့်စင်<br>အငယ်တန်းအင်ဂျင်နီယာ-၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စက်မှုဌာနခွဲ |

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

**ရာထူးတိုးမြှင့်ခန့်ထားခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ ဖော်ပြပါ ဦးစီးမှူး (ဘူမိ) (၁၄) ဦးတို့အား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၂၃) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ဘူမိ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဦးဇော်မင်းလတ် | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ခ) | ဦးသက်ဝင်း | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဂ) | ဦးငွေဝင်းမင်း | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဃ) | ဦးအောင်မင်းဦး | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (င) | ဦးပြည့်ဖြိုးအေး | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (စ) | ဦးနေဇော်အောင် | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဆ) | ဦးမင်းတလထောအုန်းကျော် | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဇ) | ဦးကျော်ကျော်ငြိမ်း | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဈ) | ဦးသက်နိုင်ဦး | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ည) | ဦးတိုးတိုးအောင် | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဋ) | ဦးတင့်နိုင်ဦး | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဌ) | ဦးစည်သူလှိုင် | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဍ) | ဦးထွန်းထွန်း | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |
| (ဎ) | ဦးအေးထွန်း | ဦးစီးမှူး (ဘူမိ) | ဦးစီးအရာရှိ (ဘူမိ) |

၂။ အထက်ဖော်ပြပါ အရာထမ်းများအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် ဖော်ပြအပ်ပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

**တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ကို ပြင်ဆင်ဖွဲ့စည်းခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ် ၁၇၈/၂၀၁၉ ဖြင့် တာဝန်ပေးအပ်ထားသော တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင် ၃ ဦးနှင့် အတွင်းရေးမှူးတို့အား အောက်ပါပုဂ္ဂိုလ်များဖြင့် အစားထိုးတာဝန်ပေးအပ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်သည်-

| စဉ် | လက်ရှိဖွဲ့စည်းထားသည့်ပုဂ္ဂိုလ်နှင့် ဌာန | ပြင်ဆင်ဖွဲ့စည်းမည့်ပုဂ္ဂိုလ်နှင့် ဌာန | တာဝန် |
|---|---|---|---|
| (က) | ပါမောက္ခဒေါက်တာ မြင့်သိန်း<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု<br>ဆရာဝန်များအသင်း | ဒေါက်တာ ခင်ဇော်<br>အမြဲတမ်းအတွင်းဝန် (ငြိမ်း)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာ ခင်ဇော်<br>အမြဲတမ်းအတွင်းဝန် (ငြိမ်း)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာ ဆောဘောမ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာ တင်အေးခိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေး<br>ကော်မတီ | ဒေါက်တာ နိုင်ထွန်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများ<br>ဌာန၊ နေပြည်တော်စည်ပင်သာယာရေး<br>ကော်မတီ | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ သောင်းရှန်<br>ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒေါက်တာ ဇော်မင်းဦး<br>လက်ထောက်အထွေထွေမန်နေဂျာ<br>သစ်ထုတ်လုပ်ရေး၊ သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာ မြင့်နိုင်<br>ညွှန်ကြားရေးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ဒေါက်တာ ကျော်သူ<br>ညွှန်ကြားရေးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အတွင်းရေးမှူး<br>(မှတ်ပုံတင်<br>အရာရှိ) |

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၀/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ (သစ်အခြေခံ) ဦးတင့်ဇော်ညွန့် အား မြန်မာ့သစ်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တန်း၊ အောက်ဖော်ပြပါ ဒု-ဦးစီးမှူး (မြို့ပြ) (၂) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦး လစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်သည့်ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဦးကောင်းထက်ဇော် | ဒု-ဦးစီးမှူး (မြို့ပြ)<br>စီမံကိန်းမန်နေဂျာရုံး (မြို့ပြ)<br>မြောက်ပိုင်း | ဦးစီးအရာရှိ (မြို့ပြ)<br>စီမံကိန်းမန်နေဂျာရုံး (မြို့ပြ)<br>မြောက်ပိုင်း |
| (ခ) | ဦးကောင်းမြတ်ထွန်း | ဒု-ဦးစီးမှူး (မြို့ပြ)<br>ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများ<br>ဌာန (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ)<br>စီမံကိန်းမန်နေဂျာရုံး (မြို့ပြ)<br>တောင်ပိုင်း |

သောင်းဟန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

**ရှမ်းပြည်နယ် ခုံသမာဓိအဖွဲ့၊ ဥက္ကဋ္ဌနှင့် အလုပ်သမားကိုယ်စားလှယ် အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၇ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၉ ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည့် ရှမ်းပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ ဥက္ကဋ္ဌနေရာတွင် ဦးမောင်မောင် **အစား** ဦးခွန်ဝင်းထွဋ်၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဥပဒေအရာရှိအားလည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးထွန်းအောင် **အစား** ဦးလှထွန်း၊ ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးလုပ်ငန်း၊ ပြည်နယ်အလုပ်သမားအဖွဲ့အစည်းအားလည်းကောင်း အစားထိုးခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ အောက်ပါဦးစီးမှူး (၁၂) ဦးအား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးစောလိုင်ထွန်း | ၁၀/ကထန (နိုင်) ၁၀၃၈၉၉ |
| (ခ) | ဒေါ်ခင်မျိုးနွယ် | ၈/မဘန (နိုင်) ၀၆၅၄၂၈ |
| (ဂ) | ဒေါ်မဥ္ဇူသင်း | ၇/ရတရ (နိုင်) ၁၀၆၅၅၅ |
| (ဃ) | ဦးဗိုလ်မင်း | ၁၄/ဖပန (နိုင်) ၁၃၃၇၀၇ |
| (င) | ဒေါ်ကြည်ပြာဝင်း | ၉/အမဇ (နိုင်) ၀၁၁၆၉၅ |
| (စ) | ဦးအောင်ကိုဇင် | ၉/အမဇ (နိုင်) ၀၀၈၂၇၈ |
| (ဆ) | ဒေါ်သဲစုဝင်း | ၉/စကတ (နိုင်) ၀၆၉၀၈၀ |
| (ဇ) | ဒေါ်သူသူဝင်း | ၉/လဝန (နိုင်) ၁၃၈၈၀၄ |
| (ဈ) | ဒေါ်စုရည်ထွန်း | ၈/ခမန (နိုင်) ၁၀၀၉၃၈ |
| (ည) | ဦးကျော်ဇင်လတ် | ၁၄/ကခန (နိုင်) ၀၆၅၅၉၄ |
| (ဋ) | ဒေါ်သူသူသိမ့် | ၉/မခန (နိုင်) ၁၆၇၁၂၂ |
| (ဌ) | ဒေါ်ယုယုထွေး | ၉/ကပတ (နိုင်) ၁၆၉၁၄၁ |

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၃)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာကို ပြင်ဆင်ခြင်း

၁။ ပြည်တွင်းတွင် ထုတ်လုပ်သောကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာ (အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉) အပိုဒ် ၁၊ အပိုဒ်ခွဲ (ဆ) ၏နောက်တွင် အပိုဒ်ခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြုကုန်စည်များ၊

၂။ ပြည်တွင်းတွင် ထုတ်လုပ်သောကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာ (အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉) အပိုဒ် ၂၊ အပိုဒ်ခွဲ (ဆ) ၏နောက်တွင် အပိုဒ်ခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဇ) စပါးခွံ၊ လွှစာမှုန့် စသည့် ဘေးထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် လောင်စာတောင့်များကဲ့သို့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြုကုန်စည်များ တင်ပို့ခြင်းအတွက် သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်လိုင်စင် ခွင့်ပြုမည်ဖြစ်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

## အခွင့်အာဏာအပ်နှင်းခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ခွင့်ကို ကုန်သွယ်ရေးဦးစီးဌာနအား အပ်နှင်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့် အမိန့်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်း အဖြစ် သတ်မှတ်လိုက်သည်။

၂။ မည်သူမဆို အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့် နေ့ရက်မှစတင်၍ မှတ်ပုံတင် လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်းတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းထားသော အခွင့်အာဏာကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤအမိန့်ကို အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့် ဟုခေါ်တွင်စေ ရမည်။

၂။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည်-

(က) **အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း** ဆိုသည်မှာ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အွန်လိုင်း (Online) စနစ်မှတစ်ဆင့် ဝန်ဆောင်မှုပေး၍ ရောင်းချသည့်လုပ်ငန်းကို ဆိုသည်။

(ခ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤအမိန့်အရ ဦးစီးဌာနက ထုတ်ပေးသောအွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဂ) **မှတ်ပုံတင်လက်မှတ်ရရှိသူ** ဆိုသည်မှာ မှတ်ပုံတင်လက်မှတ်ရရှိသည့် အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သော ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနကို ဆိုသည်။

(စ) **ဒီဂျစ်တယ်ငွေပေးချေမှု** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုထားသည့် အီလက်ထရောနစ်စနစ် သို့မဟုတ် ဒီဂျစ်တယ်နည်းလမ်း သို့မဟုတ် ကြားခံပစ္စည်းတစ်ခုခုကို အသုံးပြု၍ ဆောင်ရွက်နိုင်သော ငွေပေးချေမှုတစ်ရပ်ရပ်ကို ဆိုသည်။

## အခန်း (၂)

## မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း

၃။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လိုသူသည် ဦးစီးဌာနက သတ်မှတ်သော လျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်း (Online) စနစ်ဖြင့် ဦးစီးဌာနသို့ မှတ်ပုံတင်လက်မှတ် လျှောက်ထားရမည်။

၄။ အပိုဒ် ၃ အရ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း ဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ၊ သမဝါယမအသင်းဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းတည်ထောင်သော ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ခြင်း၊

(ခ) ကိုယ်ပိုင်အမည်သတ်မှတ်ချက်ဖြင့် တရားဝင်ဝက်ဘ်ဆိုဒ်ရရှိထားသောကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်နေရာကို တင်ပြနိုင်သော ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ခြင်း။

၅။ အပိုဒ် ၃ အရ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အခြေချနေထိုင်လျက်ရှိသူဖြစ်ခြင်း၊

(ခ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) ဤအမိန့်ပါသတ်မှတ်ချက်များကို လိုက်နာနိုင်သူဖြစ်ခြင်း၊

(ဃ) စိတ်ပေါ့သွပ်သူမဟုတ်ခြင်း၊

(င) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်က အမည်ပျက်စာရင်းကြေညာထားသော ပုဂ္ဂိုလ်မဟုတ်ခြင်း၊

(စ) အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာကို တင်ပြနိုင်သူဖြစ်ခြင်း။

၆။ အပိုဒ် ၃ အရ မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် အောက်ပါတို့ကို ပူးတွဲ၍ တင်ပြရမည်-

(က) ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းရှိ တာဝန်ခံပုဂ္ဂိုလ်၏ ရောင်စုံဓာတ်ပုံ သို့မဟုတ် လူပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ ရောင်စုံဓာတ်ပုံ၊

(ခ) ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းရှိ တာဝန်ခံပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ သို့မဟုတ် လူပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) လျှောက်လွှာပုံစံ၌ ဖြည့်သွင်းထားသည့်လိပ်စာတွင် လုပ်ငန်းအမှန်တကယ်တည်ရှိကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဃ) အွန်လိုင်း (Online) စနစ်ဖြင့်ရောင်းချမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားစာရင်း၊ ယင်းကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်နှင့် အာမခံချက်၊

( င ) အွန်လိုင်း (Online) စနစ်ဖြင့်ရောင်းချမည့် ကုန်စည်နှင့်စပ်လျဉ်း၍ မည်သည့်နိုင်ငံမှတင်သွင်းကြောင်း ဖော်ပြထားသည့် အချက်အလက် သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်ကြောင်း ဖော်ပြထားသည့် အချက်အလက်၊

( စ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသောအထောက်အထားများရှိပါက ယင်းနှင့်စပ်လျဉ်းသည့်အထောက်အထားများ။

## အခန်း (၃)

## မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း

၇။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည်-

(က) လျှောက်လွှာပုံစံပါ အချက်အလက်နှင့်ပူးတွဲတင်ပြသည့် အထောက်အထားများကို စိစစ်ခြင်း၊

( ခ ) စားသုံးသူရေးရာဦးစီးဌာနနှင့်ညှိနှိုင်း၍ မြေပြင်အခြေအနေစစ်ဆေးခြင်း။

၈။ ဦးစီးဌာနသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ကြောင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားသူထံ အကြောင်းကြားရမည်-

(က) ရောင်းချမည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုသည်-

(၁) ဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော သို့မဟုတ် ကန့်သတ်ထားသော သို့မဟုတ် ဥပဒေတစ်ရပ်ရပ်နှင့်ငြိစွန်းသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ဖြစ်ခြင်း၊

(၂) အများပြည်သူ၏လုံခြုံမှုကို ထိခိုက်စေနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ဖြစ်ခြင်း၊

(၃) ဘေးအန္တရာယ်ကင်းရှင်းမှု သို့မဟုတ် လုံခြုံစိတ်ချရမှုမရှိကြောင်းယူဆနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ဖြစ်ခြင်း၊

(၄) စားသုံးသူအတွက် ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်နှင့် အာမခံချက်မရှိကြောင်း ယူဆနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ဖြစ်ခြင်း၊

(၅) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဈေးကွက်အတွင်းရောင်းချရန် ခွင့်မပြုသော သို့မဟုတ် တားမြစ်ထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ဖြစ်ခြင်း။

( ခ ) မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် လျှောက်လွှာပုံစံ၌ အချက်အလက်များပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းမှုမရှိခြင်း၊

( ဂ ) မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် အပိုဒ် ၆၊ အပိုဒ်ခွဲ (ဃ)၊ (င) နှင့် (စ) တို့ပါ ပူးတွဲတင်ပြရမည့် အထောက်အထားများနှင့်စပ်လျဉ်း၍ ထိမ်ချန်ခြင်း သို့မဟုတ် လိမ်လည်၍ တင်ပြခြင်း။

၉။ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် အပိုဒ် ၈၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၃)၊ (၄) နှင့် (၅) တို့ပါ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခံရပါက လိုအပ်ချက်များပြန်လည်ပြင်ဆင်၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ ပြန်လည်လျှောက်ထားခွင့်ရှိသည်။

၁၀။ ဦးစီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး အပိုဒ် ၈ ပါအချက်များနှင့် ငြိစွန်းမှုမရှိကြောင်း တွေ့ရှိပါက မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခတို့ကိုပေးသွင်းရန် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၁။ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် အပိုဒ် ၁၀ အရ အကြောင်းကြားစာလက်ခံရရှိသည့် နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခတို့ကို ဦးစီးဌာနက သတ်မှတ်သည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့် ပေးသွင်းရမည်။

၁၂။ ဦးစီးဌာနသည် မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း(Online) ဝန်ဆောင်ခတို့ရရှိပါက အွန်လိုင်း (Online) မှတစ်ဆင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူထံ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၃။ မှတ်ပုံတင်လက်မှတ်၏သက်တမ်းမှာ စတင်ထုတ်ပေးသည့်နေ့ရက်မှ နှစ်နှစ်တိတိပြည့်မြောက်သော နေ့ရက်အထိ ဖြစ်သည်။

## အခန်း (၄)

## ပြင်ဆင်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်း

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် ပူးတွဲတင်ပြသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အချက်အလက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှောက်လွှာပါတင်ပြချက်နှင့်စပ်လျဉ်း၍လည်းကောင်း အချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက ဦးစီးဌာနက သတ်မှတ်ထားသောလျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်း(Online) ဝန်ဆောင်ခပေးသွင်းပြီး အွန်လိုင်း(Online) စနစ်ဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၅။ ဦးစီးဌာနသည် အပိုဒ် ၁၄ အရ လျှောက်ထားချက်အပေါ် စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ပြင်ဆင်လိုသည့်အချက်တစ်ရပ်ရပ်ကို အတည်ပြု၍ အွန်လိုင်း(Online) စနစ်ဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက် ရမည်။

၁၆။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်၏သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည်။

၁၇။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်နေ့ရက်တွင် ယင်းမှတ်ပုံတင်လက်မှတ်သည် အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၅)

## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များ

၁၈။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးရမည်။

(ခ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အရောင်းပြေစာပေးအပ်ရမည်။

(ဂ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်း အချက်အလက်နှင့် အာမခံချက်များ ပေးအပ်ရမည်။

(ဃ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် ကျသင့်တန်ဖိုးနှင့်ညီမျှသည့် အရည်အသွေး ပြည့်မီစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။

(င) ရောင်းချသော ကုန်စည်နှင့်စပ်လျဉ်း၍ ပေးအပ်ထားသော သတင်းအချက်အလက် သို့မဟုတ် အာမခံချက်များနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် စားသုံးသူက ပြန်လည်အပ်နှံလိုပါက သတ်မှတ်ချက်နှင့် ပြန်လည်အပ်နှံနိုင်သည့်ကာလတို့ကိုသတ်မှတ်၍ ယင်းတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် ရမည်။

( စ ) မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က ရောင်းချမည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစား စာရင်းတွင် ပါဝင်ခြင်းမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ရောင်းချခြင်းကို ရှောင်ကြဉ် ရမည်။

(ဆ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရာတွင် စားသုံးသူကို မထီမဲ့မြင်ပြုသော သို့မဟုတ် စားသုံးသူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသောပြုမူပြောဆိုမှုကို ရှောင်ကြဉ်ရမည်။

( ဇ ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် စားသုံးသူက ငွေပေးချေရန်နည်းလမ်းများနှင့် စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးရမည်။

( ဈ ) စားသုံးသူထံ ကုန်စည်ပို့ဆောင်မည့်နည်းလမ်းနှင့် သတ်မှတ်ချက်များကို မရောင်းချမီ ကြိုတင် အသိပေးခြင်း၊ ရွေးချယ်ခွင့်ပေးခြင်းနှင့် ယင်းအချက်များနှင့်အညီ ကုန်စည်ကို ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ည) စားသုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက် သို့မဟုတ် စားသုံးသူက မဖော်ပြစေလိုသော အချက်အလက်များကို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်၏ ညွှန်ကြားချက်အရဖြစ်စေ ထုတ်ဖော်ခြင်းမှတစ်ပါး ယင်းတို့ကို ထုတ်ဖော်ခြင်းမပြုဘဲ ထိန်းသိမ်းရမည်။

( ဋ ) အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံရေးကိုရည်ရွယ်၍သော်လည်းကောင်း၊ အများပြည်သူ၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ပျက်ပြားစေရန်ရည်ရွယ်၍သော်လည်းကောင်း လှုံ့ဆော်မှု၊ ဟောပြောမှု၊ စည်းရုံးမှု၊ အားပေးမှုနှင့် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

( ဌ ) မှတ်ပုံတင်လက်မှတ်ကို မိမိမှတစ်ပါး အခြားသူတစ်ဦးဦးထံသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းခြင်းကို ရှောင်ကြဉ်ရမည်။

( ဍ ) ပွင့်လင်းမြင်သာမှုရှိစွာ ရောင်းချရမည်။

( ဎ ) အစားအသောက် သို့မဟုတ် ဆေးဝါး သို့မဟုတ် ဆေးပစ္စည်း သို့မဟုတ် အလှကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ချမှတ်ထားသောစည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဏ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ အခါအားလျော်စွာ ထုတ်ပြန်သည့်စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)

## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ အခွင့်အရေးများ

၁၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည်–

(က) စားသုံးသူ၏ နစ်နာဆုံးရှုံးမှုသည် မိမိ၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကြောင့်မဟုတ်လျှင် မိမိ၏ နာမည်ကောင်းပြန်လည်ရရှိနိုင်သည့်အခွင့်အရေးရှိခြင်း၊

( ခ ) စားသုံးသူ၏ တိုင်ကြားမှုတွင် ဥပဒေအရ ကာကွယ်ခုခံချေပခွင့်ရှိခြင်း၊

( ဂ ) မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ တရားဝင်အရေးဆို တင်ပြပိုင်ခွင့်ရှိခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရာတွင် သဘောတူညီချက်၊ တန်ဖိုးတို့နှင့်အညီ ငွေပေးချေမှုကို လက်ခံရယူပိုင်ခွင့်ရှိခြင်း၊

( င ) အွန်လိုင်း (Online) စနစ်တွင် မှတ်ပုံတင်လက်မှတ်ပါအမည်ဖြင့် ရောင်းချခွင့်ရှိခြင်း။

## အခန်း (၇)
## မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

၂၀။ ဦးစီးဌာနသည် အပိုဒ် ၁၈ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို မှတ်ပုံတင်လက်မှတ်ရရှိသူက ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း။

၂၁။ အပိုဒ် ၂၀ အရ ဦးစီးဌာနက ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ဝန်ကြီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း စာဖြင့်ရေးသား၍ အယူခံဝင်ရောက်နိုင်သည်။

၂၂။ ဝန်ကြီးဌာနသည် ဦးစီးဌာနက အပိုဒ် ၂၀ အရ ချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

၂၃။ အပိုဒ် ၂၀ အရ မှတ်ပုံတင်လက်မှတ် ဆိုင်းငံ့ခြင်းခံရသည့်ကာလတွင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခံရလျှင်ဖြစ်စေ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၈)
## အထွေထွေ

၂၄။ ဦးစီးဌာနသည် လျှောက်လွှာပုံစံ၊ မှတ်ပုံတင်လက်မှတ်ပုံစံ၊ မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း(Online) ဝန်ဆောင်ခတို့ကို သတ်မှတ်ရမည်။

၂၅။ ဦးစီးဌာနသည် အပိုဒ် ၂၀၊ အပိုဒ်ခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ကြောင်း ချမှတ်သည့် အမိန့်ကိုလိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားနိုင်သည်။

၂၆။ မည်သူမဆို ဤအမိန့်အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်း ခံရမည်။

၂၇။ မှတ်ပုံတင်လက်မှတ်ရရှိသူက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင် ဆောင်ရွက်ရာတွင် ဥပဒေနှင့်မညီညွတ်ကြောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ခိုင်လုံသော အထောက်အထားဖြင့် ဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားလာပါက ဦးစီးဌာနသည် ယင်းမှတ်ပုံတင် လက်မှတ်ကို ပယ်ဖျက်ရမည်။

၂၈။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်ရရှိသူက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အကြောင်းပြု၍ဥပဒေနှင့်ညီညွတ်ခြင်းမရှိသောပြုမူဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ကြောင်းယူဆလျှင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးအရေးယူနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရမည်။

၂၉။ ဦးစီးဌာနသည် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ရရှိသူများ စာရင်းကို အများပြည်သူသိရှိစေရန် ဦးစီးဌာန၏ အွန်လိုင်း(Online) မှတ်ပုံတင်စနစ်တွင် ဖော်ပြရမည်။

၃၀။ ဦးစီးဌာနသည် မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း(Online) ဝန်ဆောင်ခကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

၁။ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အခြေခံပညာကိုယ်ပိုင်ကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင် ပုဂ္ဂလိကကျောင်းများနှင့် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ၏ ဖွင့်လှစ်သင်ကြားဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို စိစစ်နိုင်ရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စိစစ်စစ်ဆေးရေးအဖွဲ့ (၂) ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

– **အထက်မြန်မာပြည်ရှိအခြေခံပညာကိုယ်ပိုင်ကျောင်းများ၊နိုင်ငံတကာသင်ရိုးသင်ပုဂ္ဂလိကကျောင်းများနှင့် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ စိစစ်စစ်ဆေးရေးအဖွဲ့**

(က) ဒေါက်တာ အောင်ဆွေထွန်း — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန

( ခ ) ဒေါက်တာ တင်ထွန်း — အဖွဲ့ဝင်
ပါမောက္ခချုပ်
မန္တလေးတက္ကသိုလ်

( ဂ ) ဒေါက်တာ တင့်တင့် — အဖွဲ့ဝင်
ပါမောက္ခချုပ်
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

(ဃ) ဒေါက်တာ အေးအေးဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

( င ) ဒေါ်မိုးမိုးကြည် — အဖွဲ့ဝင်
ကျောင်းအုပ်ကြီး
မန္တလေးပညာရေးဒီဂရီကောလိပ်

( စ ) ဦးကျော်မိုးထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းဒေသကြီးပညာရေးမှူး
မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး

(ဆ) ဒေါက်တာ မင်းဇော်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

( ဇ ) ဒေါ်ချိုချိုဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အခြေခံပညာဦးစီးဌာန

- **အောက်မြန်မာပြည်ရှိအခြေခံပညာကိုယ်ပိုင်ကျောင်းများ၊နိုင်ငံတကာသင်ရိုးသင်ပုဂ္ဂလိကကျောင်းများနှင့် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ စိစစ်စစ်ဆေးရေးအဖွဲ့**

(က) ဦးကိုလေးဝင်း — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

( ခ ) ဒေါက်တာ တင်မောင်ထွန်း — အဖွဲ့ဝင်
ပါမောက္ခချုပ်
ရန်ကုန်တက္ကသိုလ်

( ဂ ) ဒေါက်တာ ကြည်ရွှင် — အဖွဲ့ဝင်
ပါမောက္ခချုပ်
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

(ဃ) ဒေါက်တာ တင်တင်ထွေး — အဖွဲ့ဝင်
ပါမောက္ခချုပ်
ရန်ကုန်စီးပွားရေးတက္ကသိုလ်

( င ) ဒေါက်တာ ကေသွယ်လှိုင် — အဖွဲ့ဝင်
ပါမောက္ခချုပ်
ရန်ကုန်ပညာရေးတက္ကသိုလ်

( စ ) ဒေါက်တာ သန်းသန်းဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

(ဆ) ဒေါက်တာ ဇော်လတ်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

( ဇ ) ဒေါ်သူဇာရှိန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဆရာအတတ်ပညာဦးစီးဌာန

(ဈ) ဒေါက်တာ ချိုချိုမြတ်အောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းဒေသကြီးပညာရေးမှူး
ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး

(ည) ဦးလင်းထွဋ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂။ စိစစ်စစ်ဆေးရေးအဖွဲ့ (၂) ဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အခြေခံပညာကိုယ်ပိုင်ကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင် ပုဂ္ဂလိကကျောင်းများ၊ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများနှင့်စပ်လျဉ်း၍ Checklist နှင့် Data Collection Form များ အသုံးပြုကာ သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊

( ခ ) ဥပဒေနှင့်အညီ ကျောင်းမှတ်ပုံတင် ရှိ မရှိ ကျောင်းဖွင့်လှစ်သင်ကြားရန် ခွင့်ပြုမိန့် ရှိ မရှိ၊ ကျောင်းအင်္ဂါရပ်၊ ဥပစာရပ် ပြည့်စုံကောင်းမွန်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) သင်ကြားမှု၊ ကျောင်းသားလက်ခံမှု၊ ငွေကြေးကောက်ခံမှု၊ အခွန်ထမ်းဆောင်မှု၊ အုပ်ချုပ်မှု၊ ဝန်ထမ်းလစာပေးမှုတို့သည် စည်းကမ်းနှင့် ညီ မညီ စစ်ဆေးခြင်း၊

(ဃ) ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခြင်း၊

(င) ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန် မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင်သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(စ) ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေမည့် အလေ့အကျင့်ကောင်းများ (နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်း) အား ပြုစုပျိုးထောင်ပေးနိုင်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဆ) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဇ) ကျောင်းဆရာများ၏ ရရှိထားသောဘွဲ့နှင့် သင်ကြားသောဘာသာရပ် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဈ) ပြည်ပနိုင်ငံများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ဘာသာတရားများကို ထည့်သွင်းစည်းရုံးသင်ကြားပို့ချမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ည) အတန်းအလိုက် သင်ကြားမှုများဆောင်ရွက်ရာတွင် နိုင်ငံရေးအရောင်အသွေးပါရှိမှု ရှိ မရှိနှင့် ဘာသာရေး၊ နိုင်ငံရေး စွက်ဖက်လွှမ်းမိုးမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဋ) ပညာရေးဝန်ကြီးဌာနသို့ စစ်ဆေးတွေ့ရှိချက်များကို သတ်မှတ်ကာလအတွင်း အစီရင်ခံစာ တင်သွင်းခြင်း။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ အရာထမ်းရာထူး (၆၃၉၆၄) နေရာ၊ အမှုထမ်းရာထူး (၈၀၄၁၁၅) နေရာ စုစုပေါင်း (၈၆၈၀၇၉) နေရာဖြင့် ဖွဲ့စည်းထားသည့် ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအတွင်းရှိ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) မှ ပြင်ဆင်ရန်ကျန်ရှိနေသော ပါမောက္ခချုပ်၏ လစာနှုန်းထားအား ပြင်ဆင်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအတွင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ **ငါးမွေးမြူရေးပညာဌာန** အား **တောရိုင်းတိရစ္ဆာန်နှင့် ရေနေသတ္တဝါဆိုင်ရာရောဂါဗေဒဌာန** အဖြစ် အမည်ပြင်ဆင်၍ မူလအင်အားပြောင်းလဲမှုမရှိဘဲ ပြင်ဆင်ခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွန့်ဖေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ခေတ်ကာလနှင့်လျော်ညီစွာ အီလက်ထရောနစ်စနစ် (e-Submission System) အသုံးပြု၍ ဆေးဝါးမှတ်ပုံတင်လျှောက်ထားနိုင်ရေးအတွက် အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် (အမိန့်ကြော်ငြာစာအမှတ် ၃/၁၉၉၃) ကို ပြင်ဆင်သည့်အမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် (အမိန့်ကြော်ငြာစာအမှတ် ၃/၁၉၉၃) ကို ပြင်ဆင်သည့်အမိန့်**

၁။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁။ (က) အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၇ အရ ဆေးဝါးမှတ်ပုံတင်လိုသူသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) အပိုဒ်ခွဲ (က) အရ လျှောက်ထားခြင်းကို အီလက်ထရောနစ်စနစ် (e-Submission System) အသုံးပြု၍ မှတ်ပုံတင်လျှောက်ထားနိုင်သည်၊

(ဂ) အပိုဒ်ခွဲ (ခ) အရ လျှောက်ထားရာတွင် ယင်းစနစ်ပါ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ လျှောက်ထားရမည်၊

(ဃ) ဆေးဝါးနမူနာအပ်နှံခြင်းနှင့် သတ်မှတ်အထောက်အထား ပြည့်စုံစွာတင်ပြခြင်းတို့ ဆောင်ရွက်ရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ထုတ်ပြန်သည့် ဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။"

၂။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၆ ၏ ဖော်ပြချက်၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"ယင်းသို့ပေးသွင်းရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အီလက်ထရောနစ်စနစ် (e-Submission System) ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ဒီဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment) စနစ်ဖြင့် ပေးသွင်းရမည်။

ရှင်းလင်းချက်။ စိစစ်ခဆိုရာတွင် တင်ပြသည့် အထောက်အထားစစ်ဆေးခနှင့် ဆေးဝါးနမူနာဓာတ်ခွဲစစ်ဆေးခတို့ကို ဆိုသည်။"

၃။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၁၀ ၏ နောက်တွင် အပိုဒ် ၁၀-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၀-(က)။ (က) မှတ်ပုံတင်ရရှိထားသော တင်သွင်းဆေးဝါးများအတွက် မှတ်ပုံတင်သက်တမ်းကာလအတွင်း သတ်မှတ်နှစ်စဉ်ကြေးများကို ဒီဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment) စနစ်ဖြင့် ပုံမှန်ပေးသွင်းရမည်။ နှစ်စဉ်ကြေးပေးသွင်းရန် နှစ်နှစ်ဆက်တိုက်ပျက်ကွက်ပါက ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်း ထပ်မံဆောင်ရွက်ခွင့်မရှိစေရ၊

( ခ ) မှတ်ပုံတင်ရရှိထားသော တင်သွင်းဆေးဝါးများကို ဓာတ်ခွဲစစ်ဆေးရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ မှတ်ပုံတင်သက်တမ်းငါးနှစ်အတွင်း တစ်ကြိမ်အပ်နှံစေပြီး ဓာတ်ခွဲစစ်ဆေးခကို ဒီဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment) စနစ်ဖြင့် ပေးသွင်းရမည်၊

( ဂ ) မှတ်ပုံတင်ရရှိထားသည့် ပြည်တွင်းထုတ်ဆေးဝါးများအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဆေးဝါးစက်ရုံကို ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း ဟုတ် မဟုတ်ကို နှစ်စဉ်စစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ရှိနိုင်သည့် ဆေးဝါးများကို ကျပန်းကောက်ယူစစ်ဆေးခြင်းတို့ကို ခံယူရမည်။"

၄။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ မှတ်ပုံတင်သက်တမ်းကုန်ဆုံး၍ အသစ်လဲလှယ်ရန် လျှောက်ထားလိုသူသည် မှတ်ပုံတင်သက်တမ်းမကုန်မီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၅။ ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် အပိုဒ် ၇၊ ၈၊ ၉၊ ၁၀ နှင့် ၁၃ တို့တွင်ပါရှိသော "မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့" ဆိုသည့်စကားရပ်ကို "မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်ပေးအပ်ထားသည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေပုဒ်မ ၇၀၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

၁။ ဤစည်းမျဉ်းကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်သည့် စည်းမျဉ်းဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဖွဲ့စည်းပုံစည်းမျဉ်း၊ စည်းမျဉ်း ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ အသင်းသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် တည်ရှိရမည်။"

၃။ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဖွဲ့စည်းပုံစည်းမျဉ်း၊ စည်းမျဉ်း ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်။"

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

အမှတ် ၂၇၈။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) ၏ သဘောတူညီချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးမြို့၊ တိုင်းရင်းဆေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ဒုတိယပါမောက္ခ/ဌာနမှူး ၊ လစာနှုန်း (၃၄၁,၀၀၀-

၄,၀၀၀-၃၆၁,၀၀၀) အား ၎င်း၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| ဒေါ်နုနုလွင် (တဆ-၈၉၉)<br>ဒုတိယပါမောက္ခ/ ဌာနမှူး<br>အနာပေါက်ကုသမှုပညာဌာန<br>တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့ | ပါမောက္ခ/ဌာနမှူး<br>အနာပေါက်ကုသမှုပညာဌာန<br>တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့ |

မှတ်ချက်။	ရာထူးတိုးမြှင့်ခြင်းခံရသည့် အရာထမ်းသည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း၊ လက်ခံရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၂၄၀ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦး သည် ၂၀-၈-၂၀၂၃ ရက်နေ့မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားခဲ့ခြင်းအပေါ် ၁၇-၇-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၃) ၏ ဆုံးဖြတ်ချက်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ ၂၀-၈-၂၀၂၃ ရက်နေ့မှ ၁၉-၁၂-၂၀၂၃ ရက်နေ့အထိ ခံစားရမည့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လအား အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၃/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

### ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။	ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး၊ ဌာနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ မူဝါဒများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်၊

လိုအပ်သည့် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဇ ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်နှင့် ဌာနဆိုင်ရာလုပ်ငန်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ဆောင်ရွက်၍ လိုအပ်သည်များကို လမ်းညွှန်ရန်၊

( ခ ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့်ပုဂ္ဂိုလ်များကို လုပ်ငန်းအရ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသော လုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်စေရန်၊

( ဂ ) ကော်မတီသည် နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ဆောင်ရမည့်လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် သွက်လက်လျင်မြန်စွာ

အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီသည့် စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်ရန်၊

(ဃ) ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်အတွက် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်ရန်၊

(င) အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ် ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ် လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်မျှတစွာ ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့်တစ်ခု အကြား ညီညွတ်မှုရှိစေရေး၊ ကုန်ထုတ်လုပ်မှုမကျဆင်းရေးအတွက် စီးပွားရေးလုပ်ငန်းများကို ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်မြန်ဆန်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများ ရှာဖွေရယူ သုံးသပ်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်ရန်၊

(ဈ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်တွင်း၊ ပြည်ပပို့ကုန်/သွင်းကုန် နှင့်သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေး ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာန၏ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာစီမံကိန်းများနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ရေးအတွက် အစည်းအဝေး များကို လုပ်ငန်းလိုအပ်ချက်အပေါ်တွင် မူတည်ပြီး အပတ်စဉ် သို့မဟုတ် လစဉ်လိုအပ်သလို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံကျင်းပဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁/ဌာနခွဲ–၁/EC/၂၀၂၂ (စီ ၂၃၂၅) ဖြင့် ယခင်ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၂၂၉/၂၀၂၂ အား ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉၉/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဌာနဆိုင်ရာလုပ်ငန်းများကို စနစ်တကျနှင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆုံးဖြတ်သွားနိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန (စစ်ဆေးရေး ၁၊ ၂၊ ၃၊ PA) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန (စစ်ဆေးရေး ၄၊ ၅၊ ၆၊ ၇) | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အတွင်းရေးမှူး |
| (ဋ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ ဤရုံး၊ စီမံခန့်ခွဲမှုကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ် ရုံးများ၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စစ်ဆေးရေး၊ စီမံရေးရာကိစ္စရပ်များ၊

ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ ဤရုံး၊ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့၊ စစ်ဆေးရေးဦးစီးဌာန၊ စီမံရေးရာဦးစီးဌာန၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) ကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကောင်အထည်ဖော်ရမည့် စစ်ဆေးရေးလုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ ခရိုင်/မြို့နယ်စာရင်းစစ် ရုံးတို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းပိုင်းဆိုင်ရာညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို စနစ်တကျကြီးကြပ်ရန်၊

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာလုပ်ငန်းများ၊ ဤရုံး၊ ရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်းကိစ္စများအား ဈေးနှုန်းစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ခန့်မှန်းခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(င) ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲခြင်းအတွက် ကြပ်မတ်ရန်၊

(စ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရေး စိစစ်ကြပ်မတ်ရန်၊

(ဆ) နိုင်ငံတော်အကြီးအကဲများ၏ ညွှန်ကြားချက်အရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲ များမှ တာဝန်ပေးအပ်ထားသည့် လုပ်ငန်းများ၊ မျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်၊

(ဇ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးနှင့် သက်ဆိုင်ရာ ကော်မတီ/ဆပ်ကော်မတီ အသီးသီးသို့ အမှာစာများတင်ပြခြင်း၊ အသစ်တိုးချဲ့/တိုးမြှင့် ဖွင့်လှစ်သော ရုံးဌာနခွဲများ၏ ဖွဲ့စည်းပုံကို အတည်ပြုခြင်းစသည့်ကိစ္စရပ်များကို ကြပ်မတ်ဆောင်ရွက်ရန်၊

(ဈ) အုပ်ချုပ်မှုကိစ္စရပ်များ၊ မူဝါဒနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီဆောင်ရွက်ရေးအတွက် ကြပ်မတ်ရန်၊

(ည) ပြင်ပသတင်းမီဒီယာများမှ မေးမြန်းမှုပြုလုပ်သည့် ကိစ္စရပ်များကိုစိစစ်ကြပ်မတ်၍ ဤရုံး၊ ပြောရေးဆိုခွင့် ရှိသည့် သတင်းထုတ်ပြန်ရေးအဖွဲ့အား လိုအပ်သည်များကို ညွှန်ကြားရန်။

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို နှစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် လိုအပ်ချက်ပေါ်မူတည်၍ အခါအားလျော်စွာကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၃) ပါ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရှိဌာနခွဲအသီးသီးမှ စီမံခန့်ခွဲရေးကော်မတီသို့ အမှာစာများတင်ပြရန်ဖြစ်ပါသည်။

၅။ ယခုကာလသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူထားသော ကာလဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ အခေါ်အဝေါ်၊ အသုံးအနှုန်းတို့ကို လိုအပ်သည့်နေရာတွင် အစားထိုးသုံးစွဲရန်ဖြစ်ပါသည်။

၆။ ဤရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၃/၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံခန့်ခွဲမှုကော်မတီကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၀၃/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင် တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန (စစ်ဆေးရေး ၁၊ ၂၊ ၃၊ PA) | ဒု-ဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန (စစ်ဆေးရေး ၄၊ ၅၊ ၆၊ ၇) | ဒု-ဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | ဒု-ဥက္ကဋ္ဌ (၃) |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | ဒု-ဥက္ကဋ္ဌ (၄) |
| (စ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>(ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ) | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဆ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>(မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ) | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>(e-Government ဌာနခွဲ) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၁၊ PA Unit<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၂၊ ၃<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၄၊ ၅<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၆၊ ၇<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>လေ့ကျင့်ရေးဌာနခွဲ (သင်တန်းရေးရာ/နည်းပညာ)<br>နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံစာရင်းကောင်စီရုံး<br>နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ၊ စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>စီမံရေးရာဌာနခွဲ၊ စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>(ဦးစီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ) | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုများကို ကြိုတင်ဆန်းစစ်လေ့လာခြင်း၊

( ခ ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ သင်ကြားပို့ချခြင်း၊ ကြိုတင်တားဆီးရေးများ ဆောင်ရွက်ခြင်း၊

( ဂ ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

( င ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ လစဉ်အစီရင်ခံစာ တင်ပြခြင်း။

၃။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၃/၂၀၂၂ ဖြင့်ဖွဲ့စည်းခဲ့သော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၀၄/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပသော ဤရုံး၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ဖြင့် အတည်ပြုချက်အရ မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းဦး (၅၀၆၂) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၀၆/၂၀၂၃)**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပသော ဤရုံး၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ဖြင့် အတည်ပြုချက်အရ အောက်ပါ ဒုတိယညွှန်ကြားရေးမှူးများအား ယှဉ်တွဲပါ ရုံး/ဌာနများသို့ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး/ဌာန | တိုးမြှင့်ခန့်ထားသည့်ရုံး/ဌာန |
|---|---|---|---|---|
| ၁။ | ဒေါ်ဥမ္မာအောင် | ၅၇၅၂ | ဧရာဝတီတိုင်းဒေသကြီး | ချင်းပြည်နယ် |
| ၂။ | ဒေါ်ခင်ပပဝင်း | ၁၁၄၄၃ | မြန်မာနိုင်ငံစာရင်းကောင်စီရုံး | နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန (လေ့ကျင့်ရေးဌာနခွဲ) |

တင်ဦး

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင် အား ခံစားခွင့်ပြုရန် လျှောက်ထားလာသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်အထိ) ကို **နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ခင်လတ်

အမြဲတမ်းအတွင်းဝန်

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

အမှတ် ၈၀/၂၀၂၃။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

အောင်ခိုင်သွဲ့ ကြည်း ၇၉၅၁၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ဒေါင်းဥကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၆၅၄/ခွေးကလေးတောင်ကွင်း)၊ ဦးပိုင်အမှတ် (၃၀၆)၊ မြေကွက်အမှတ် (၁၆၅/၅၀၆)၊ **မြေဧရိယာ ၂.၁၅ ဧက** အား **ဒေါင်းဥကျေးရွာစေတီဘုရားဝတ္တကသာသနာမြေ** နေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ကညော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၃၂/သပြေခြင်ကွင်း)၊ ဦးပိုင်အမှတ် (၄၆) ရှိ **မြေဧရိယာ ၄.၇၆ ဧက** အား **ဇိနဝါရဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၇/ လှပဒါးကွင်း)၊ ဦးပိုင်အမှတ် (၇/၂၃) ရှိ မြေဧရိယာ ဝ.၁၉ ဧကနှင့် ဦးပိုင်အမှတ် (၅၀/၁၆က) ရှိ မြေဧရိယာ ၂.၄၅ ဧက **စုစုပေါင်းမြေဧရိယာ ၂.၆၄ ဧက** အား **အောင်ချမ်းသာဓမ္မရိပ်သာကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်<br>(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### KABYAR FAMILY COMPANY LIMITED

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇)

အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ **KABYAR FAMILY COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၁-၈-၂၀၂၃) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၉)၊ ၃ လွှာဘီ၊ အာသောကလမ်း၊ မလွှကုန်းဒွေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်ဇာလီအောင် [တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၃၅၂)] အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ခင်ဇာလီအောင် [တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၃၅၂)] နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ဇင်ဇင်မြင့် | ဒေါ်ခင်ဇာလီအောင် |
| မန်နေးဂျင်းဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၃၅၂) |
| KABYAR FAMILY COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## TW SEVEN COMPANY LIMITED

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇)

အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ **TW SEVEN COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၁-၈-၂၀၂၃) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၉)၊ ၃ လွှာဘီ၊ အာသောကလမ်း၊ မလွှကုန်းဒွေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်ဇာလီအောင် [တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၅၂)] အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ခင်ဇာလီအောင် [တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၅၂)] နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးထွန်းထွန်းဝင်း | ဒေါ်ခင်ဇာလီအောင် |
| မန်နေးဂျင်းဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၅၂) |
| TW SEVEN COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## HALOB – MOBILE LTD

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ်အစည်းအဝေးဖိတ်ကြားခြင်း

**HALOB – MOBILE LTD** ၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးကို (၁-၉-၂၀၂၃) ရက်နေ့ နံနက် (၉:၃၀) နာရီတွင် ကုမ္ပဏီရုံးခန်း၌ နောက်ဆုံးအပြီးသတ်အစည်းအဝေးကျင်းပမည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Daw Myo Nay Zar

B.A (Eco), CPA (PA–1440)

လက်မှတ်ရပြည်သူ့စာရင်းကိုင်

**SUNN & MIEE COMPANY LIMITED**

(၂၀၁၇) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ (၃၄၈) အရ

ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

**SUNN & MIEE COMPANY LIMITED** အား အစုရှယ်ယာရှင်များဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရန် (၂၃-၈-၂၀၂၃) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်သင်းကြူ အမှတ် (၂၀/၂၂-ဘီ)၊ ချယ်ရီကွန်ဒို၊ အခန်း (၉-အေ)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၅-၉-၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Sunn Lynn Naing | Daw Khin Thinn Kyu |
| Managing Director | B.Com (Q),CPA (PA-517) |
| Sunn & Miee Co.,Ltd | Auditor & Liquidator |

Notice

**Kruger Ventilation (Myanmar) Company Limited**

**(In members' Voluntary Liquidation)**

**Pursuant to the Insolvency Law**

**Final Meeting**

A Final Meeting of the above Company will be held on 25th September, 2023 at Room No. F-21, Thiri Yadanar Whole Sale Market, (Htawunbe) Toe Chae Ward, North Okkalapa Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

U Soe Win
B.Com (AA), CPA (RA). (PA-504)
Certified Public Accountant
Building No.66/72, Room No. 204 (B),
Htee Tan Housing, Kyeemyindine Township,
Yangon Region.